# လားဟူလူမျိုးတို့ ၏နောက်ခံသမိုင်းအကျဉ်း

လားဟူလူမျိုးတို့၏ ပေါက်ဖွားရာနေရာဒေသ အကြောင်း ပြောဆိုကြရာတွင်၊ တိကျသေချာ သောသုတေသနပြုစုချက်များနှင့် သမိုင်းအထောက်အထားများ တွေ့ရှိနိုင်ရန် ခက်ခဲလှသည်။ ပါးစပ် ရာဇဝင်ပေါ်တွင်သာ အခြေခံပြီး ပြောဆိုရေးသားလျက် ရှိနေပါသည်။ တူညီသော ပါးစပ်ရာဇဝင တစ်ခု မှာ လားဟူလူမျိုးတို ့သည် ယနေခေတ်ပီကင်း ၊ နန်ကင်းတို့ ့တွင် အခြေချနေထိုင်ခဲ့သော လူမျိုးဖြစ်သည်ဟု ပြောဆို နေကြပါသည်။

လားဟူတို့ သည် ဘီစီ ၁၂ ရာစုခန့် ကတည်းကပင် ၊ တရုတ်လူမျိုးတို့ ၏ မှတ်တမ်းမှတ်ရာများ ထဲတွင်Qiang အမျိုးအနွယ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ တရုတ်ပြည်အနောက်ပိုင်း Gansu တောင်တန်းဒေသ အနီးရှိ မြေပြန် ့ဒေသတွင်လည်း နေထိုင်ခဲ့သည်ဟုဆိုသည်။ ဆိုးရွားသော ရာသီဥတု အအေးဒါဏ်ကို မခံနိုင်သောကြောင့် အာခါ ၊ လားဟူနှင့် လီဆူလူမျိုးတို့ သည် ၊ ဘီစီ ၂ ရာစု ခန့်က တောင်ပိုင်းသို့ ထွက်ခွါလာခဲ့သည်။ အေဒီ ၃ ရာစုခန့် ရောက်သောအခါ ၊ ယူနန်ပြည်တွင် အခြေချနေထိုင်လာခဲ့သည်။ ရှမ်း (တိုင်း) လူမျိုးတို ့ အုပ်ချုပ်သောစနစ်ဖြစ်သည့် အကြီးအကဲ အုပ်ချုပ်သော စနစ်ကို ကျင့်သုံးလာသည်။

အေဒီ ၅ ရာစု နှင့် ၁၀ ရာစု ခုနစ်များအတွင်း ကျားဖမ်းမုဆိုးများအဖြစ် ထင်ပေါ်လာသည်။ ၁၀ ရာစုနှစ်တွင် ၊ လားဟူအနက်များက အနောက်ဖက်သို ့ ပြောင်းရွှေ့နေထိုင်သွားပြီး ၊ လားဟူအဂါ များက အရှေ့ဖက်သို့ ပြောင်းသွားကြသည်။ ၁၈ ရာစု မှစပြီး ၊ တရုတ်တို့အား စတင်ပုန်ကန်ခဲ့သည်မှာ ၂၀ ရာစုအစောပိုင်းထိ ဖြစ်သည်။ တရုတ်တို့ကို တော်လှန်ပုန်ကန်ပြီး ၊ စစ်ရှုံးသဖြင့် တောင်ဖက် ယူနန်ပြည်နယ်တွင် နေထိုင်ခဲ့ကြသည်ဟုလည်း ပြောဆိုကြပါသည်။ တဖြည်းဖြည်း ရွေ့ကြည်ရာ မြက်နုရာရှာဖွေရင်း ၊ မဲခေါင်မြစ်ဝှမ်းဒေသတွင် အခြားသောလူမျိုးငယ်စုများနှင့်အတူ ၊ အခြေချ နေထိုင်လာကြသော လူမျိုးစု ဖြစ်လာသည်။

တရုတ်ပြည် ယူနန်ပြည်နယ်မှ ၊ မြန်မာ ၊ လာအို ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံအထိ ဖြန့်ကျက် နေထိုင်လာခဲ့ပါသည်။ တရုတ်နိုင်ငံတွင် လန်းချန်းဒေသတွင် အများဆုံး နေထိုင်ကြပြီး ၊ လူဦးရေ ငါးသိန်းခန် ့ရှိမည်ဟု ခန်မှန်းကြပါသည်။ မြန်မာနိုင်ငံရှမ်းပြည်နယ်တွင် ဒုတိယအများဆုံးနေ ထိုင်ကြပြီး ၊ လူဦးရေနှစ်သိန်းဂန်းကျင်ခန် ့ရှိ မည်ဟု ခန် ့မှန်းကြပါသည်။ ထိုင်းနိုင်ငံတွင် ချင်းမိုင်နှင့် ချင်းရိုင်းဒေသအတွင်း အများဆုံး နေထိုင်ကြပြီး ၊ လူဦးရေ တစ်သိန်းခန့် ရှိမည်ဟု ပြောဆိုကြပါသည်။ လာအိုနိုင်ငံတွင် လူဦးရေတစ်သောင်းကျော်ခန် ့ရှိသည်။ဗီယက်နမ်နိုင်ငံတွင်၊ ငါးထောင်ခန် ့ ရှိသည်။ သို့သော် ၎င်းသည် ခန့်မှန်းချက်ပင် ဖြစ်ပြီး ၊ ခန် ့မှန်း ပြောဆို နေမှုမှာလည်း တစ်ဦးနှင့်တစ်ဦး တူညီမှု မရှိပေ။ ဒေါက်တာမာတီးဆော့ဖ်က ၊ လားဟူလူဦးရေ စုစုပေါင်း ၇ သိန်းဂန်းကျင် ရှိမည်ဟုခန့်မှန်း ထားသည်။

အရှေ့တောင်အာရှဒေသတွင်းရှိ ၊ လူမျိုးစုငယ်များ အတွင်းတွင် လားဟူဘာသာစကားမှာ အရေးပါ လှကြောင်း ဒေါက်တာမာတီးဆော့ဖ်မှ ပြောဆိုဖူးသည်ကို မှတ်သားဖူးပါသည်။ တရုတ် ၊ မြန်မာ ၊ ထိုင်း ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လူဦးရေ အနည်းဆုံး ရှစ်သိန်းခန့် ပြောဆိုနေသော ဘာသာစကားဖြစ်ပြီး၊ လားဟူစကားသည်၊ တိဗက်-မြန်မာ အနွယ်ဝင် ၊ လိုလို-မြန်မာ အုပ်စုဝင်မှ ၊ ဆင်းသက်လာသော ဘာသာစကား ဖြစ်ပေသည်။ တနည်းဆိုရသော် ၊ လိုလိုဘာသာ စကားအနွယ် ထဲမှ ၊ အလယ်ဗဟိုလိုလိုအုပ်စုဝင် ဘာသာစကား ဖြစ်သည်။

# ဒေသိယစကားများ

လားဟူစာပေကို ဘုံစကားဖြစ်သော လားဟူအနက်ဘာသားစကားဖြင့် အသုံးပြုနေကြပါသည်။ သို့သော် လူမျိုးနွယ်စုငယ်များ၏ ဘာသာစကားတိမ်ကောလာမှုနှင့် အသုံးပြုမှု နည်းပါးလာမှုသည် မျက်မှောက်ခေတ် လားဟူလူငယ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လာနေသည်။ လားဟူလူမျိုးတို့တွင် ပြောဆိုနေသော လားဟူ ဘာသာစကားနွယ် အနည်းဆုံး ၃၀ ကျော်ခန့် ရှိမည်ဟု ၊ ဘာသာဗေဒ ပညာရှင်များက ခန့်မှန်းထားသည်။ David Bradley ၏ ခန့်မှန်းချက်အရ လားဟူ အမျိုးပေါင်း ၄၂ မျိုးရှိသည်ဟုဆိုသည်။ ခိုင်မာတိကျသော သုတေသနပြုစုချက် (လက်ရှိစာရေးနေသည့် အချိန်ထိ) ထွက်ပေါ်လာခြင်းမရှိသေးပေ။ သို့သော် စကားတူ မျိုးနွယ်စုများကို ခြုံငုံသုံးသပ်ရသော် ၊ လားဟူနက် ၊ လားဟူဂါ တို့မှာ သိသာထင်ရှားသော လားဟူမျိုးနွယ်ကွဲများ ဖြစ်သည်ဟု ယေဘုယျ အားဖြင့် ကောက်ချက်ချနိုင်သည်။

(အခြားအမည်ကွဲများကို ဒီနေရာတွင်ဖော်ပြခြင်းမပြုတော့ပါ။ ကျွန်ုပ်၏ ဖေ့စ်ဘုတ် စာမျက်နှာတွင်ဖေါ်ပြထားသည်များကို ပြန်လည်ဖတ်ရှုပါရန်)။ အပြန်အလှန် နားလည်နိုင်ရန် ခက်ခဲသော စကားများဖြစ်သည်ဟု ဆိုနိုင်သည်။ မျက်မှောက်ခေတ် လားဟူလူငယ်များသည် ၊ ဘုံစကား ဖြစ်သော လားဟူအနက် ဘာသာစကားကို ပိုမိုအသုံးပြုလာခြင်းနှင့်၊ သက်ဆိုင်ရာတိုင်းပြည်မှ ပြဌာန်း ထားသော ဘာသာစကားကို ၊ ပိုမိုအသုံးပြုလာရခြင်းကြောင့် ၊ ၎င်းတို့၏မိခင်ဘာသာစကားကို ပြောဆိုမှု အားနည်းလာရပါသည်။ ထို့ကြောင့် လားဟူဘာသာစကားနွယ်များကို ထိန်းသိမ်းသွားရန် ၊ အရေးတကြီး အကောင်အထည်ဖော်မည့် အစီအစဉ်များ လိုအပ်နေသည်ဟု ရှုမြင်ပါသည်။